# Message from the Heart

သင်းအုပ်ဆရာတစ်ပါးဟာ ၁၁ နှစ်အရွယ် သူ့သားငယ်လေးနဲ့ တနင်္ဂနွေနေ့မနက်ဝတ်ပြုစည်းဝေးပြီးတိုင်း လမ်းလျှောက်ထွက်ပြီးလမ်းမှာတွေ့တဲ့သူတွေကို ကယ်တင်ခြင်းအကြောင်း သက်သေခံချက်ရေးထားတဲ့ စေစာလေးတွေ ဝေလေ့ရှိတယ်။

မိုးစွေတဲ့နေ့ တစ်နေ့မှာပေါ့ဗျာ၊ ရာသီဥတုကလဲ စွတ်စိုထိုင်းမှိုင်း ချမ်းအေးနေတဲ့အတွက် သင်းအုပ်ဆရာဟာ အပြင်ထွက်ပြီးစေစာဝေတဲ့ အလုပ်ကိုဒီနေ့အတွက်မလုပ်တော့ဘဲ မိုးအေးအေးနဲ့ အိမ်ခန်းထဲမှာ မီးလင်းဖိုနဲ့ မီးလှုံရင်း ကော်ဖီကောင်းကောင်းတစ်ခွက်ဖျော်ပြီး နောက်တပါတ် ဘုရားကျောင်းမှာ ဝေငှရမဲ့တရားဟော ချက်ပြင်ဆင်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ သားဖြစ်သူကိုလဲ ့ ့''သားရေ ဖေဖေတို့ဒီနေ့အပြင်မထွက်တော့ဘူး၊ မိုးတွေရွာနေတယ်။ နောက်တပါတ်မှဘဲ စေစာထွက်ဝေကြတာပေါ့၊ အဖေတို့ အပါတ်တိုင်း စေစာဝေခဲ့ပြီးပြီဘဲ၊ ဒီတပါတ်ထဲမဝေလို့ဘာမှဖြစ်မသွားပါဘူး။ မိုးရွာထဲထွက် လို့ဖျားနေပါအုံးမယ်။ အိမ်ထဲမှာ သားကျောင်းစာ လုပ်ချင်လုပ်၊ ဒါမှမဟုတ်ရင် တီဗွီကြည့်နေ လိုက်ပေါ့ကွာ'' လို့ပြောလိုက်တယ်။ အဖေလုပ်သူ သင်းအုပ်ဆရာရဲ့စကားနဲ့ဆုံးဖြတ်ချက်၊ တားမြစ်ချက်၊ လုပ်ဆောင်ချက်က လူ သက်သာသလို အကျိုးအကြောင်းလဲဆီလျော်ပါတယ်။ သားဖြစ်သူက လိုက်နာသင့်ပါတယ်။

သားဖြစ်တဲ့သူက အဖေ့စကားကို ကြားလိုက်ရတော့ သိပ်ပျော်သွားပြီး ''ဟေး–ဒါမှတို့ဖေဖေကွ'' လို့အားရပါးရအော်လိုက်တယ်။ ပြီးတော့ တီဗွီသွားဖွင့်လိုက်တဲ့အခါ သူအရမ်းကြိုက်တဲ့ကာတွန်းကားပြနေတယ်။ သူလဲသူ့ အဖေလို မိုးအေးအေးနဲ့ အိမ်ခန်းထဲမှာ ဇိမ်ကျကျ တီဗွီကြည့်နေလိမ့်မယ်လို့မိတ်ဆွေထင်နေပါသလား။

တော်တော်ခေါင်းမာတဲ့ ကလေးဗျာ၊ သူ့အဖေစကားကိုနားမထောင်ဘူး။ အတွန့်တက်ပြီး သူ့အဖေကိုခွင့်တောင်းလိုက်တယ်။ ''အဖေ မလိုက်ချင်ရင်နေပါ၊ သားတစ်ယောက်ထဲ သွားပြီး လမ်းပေါ်ကလူတွေကိုစေစာ သွားဝေချင်တယ်'' တဲ့။ အဖေလုပ်သူက ဘယ်ခွင့်ပြုပါ့မလဲ၊ နောက်တပါတ်မှသွားဖို့၊ ချော့တစ်ခါချောက်တစ်လှည့် တားပါတယ်။ သားဖြစ်သူကလဲ ငြင်းပါတယ်။ ဘာဘဲဖြစ်ဖြစ် သူ ဘုရားသခင်အတွက် လုပ်မှာဖြစ်လို့ ခွင့်ပြုဖို့ပြောပါတယ်။ နောက်ဆုံးတော့ သင်းအုပ်ဆရာက တားမရတဲ့အဆုံး ခွင့်ပြုလိုက်ရပါတယ်။ မိုးတအား သည်းလာရင် အိမ်ပြန်လာဖို့၊ အဝေးကြီးမသွားဖို့၊ စေစာကုန်ကုန် မကုန်ကုန် အရေးမကြီးဘူး၊ မိုးမိပြီးချမ်းလာရင် အိမ်ပြန်လာဖို့ မှာလိုက်ပါတယ်။

ချာတိတ်လေးက မိုးရွာထဲမှာ လမ်းသွားလမ်းလာတွေကို စေစာလိုက်ဝေနေလိုက်တာ မိုးကလည်း တဖြည်းဖြည်းပိုသည်းလာသလို စေစာတွေလဲ ကုန်သလောက်ဖြစ်သွားပြီး လက်ထဲမှာ တစ်စောင်ဘဲကျန်ပါတော့တယ်။ လမ်းပေါ်မှာလည်း လမ်းသွားလမ်းလာတွေမရှိတော့တဲ့အတွက် ပေးလို့မရတော့ပါဘူး၊ ချာတိတ်ကလေးက အိမ်မပြန်သေးဘဲ နောက်ဆုံးကျန်တဲ့ စေစာလေးကို အနီးဆုံးအိမ်တစ်အိမ်မှာ သွားပေးဖို့ဆုံးဖြတ်လိုက်ပါတယ်။ အဆင်သင့်တွေ့လိုက်ရတဲ့ အိမ်ခြံဝင်းလေးထဲဝင်လာပြီး အိမ်တံခါးဝက လူခေါ်ဘဲလ်ကို နှိပ်လိုက်ပါတယ်။ အိမ်ထဲက ဘယ်သူမှထွက်မလာတဲ့အတွက် ချာတိတ်လေးကပြန်ထွက်လာခဲ့ပါတယ်။ ခြံအပြင်ရောက်ခါနီးမှာ တစ်စုံတစ်ဦးက အိမ်တံခါးထပ်ခေါက်ဖို့တွန်းအားပေးသလိုခံစားလိုက်ရတာမို့ နောက်ပြန်လှည့်ပြီး လူခေါ်ဘဲလ်ကို ထပ်နှိပ်ပါတယ်။ ဒီတခါလဲ ဘယ်သူမှ ထွက်မလာပါဘူး။ လက်လျှော့ပြီးလှည့်ပြန်ဖို့အပြင်မှာ တစ်ယောက်ယောက်ကဆွဲခေါ်ထားသလို ခံစားလိုက်ရပြန်တာမို့ အိမ်တံခါးကိုလက်သီးနဲ့ထုပြီး ''အိမ်ရှင်တို့– အိမ်ရှင်တို့–'' လို့အော်ခေါ်လိုက်ပါတယ်။

တော်တော်လေးကြာမှ အိမ်တံခါးဟာတဖြည်းဖြည်းပွင့်လာပါတယ်။ ပွင့်လာတဲ့ တံခါး

ကြားကတဆင့် အိုမင်းနေတဲ့အဖွားအိုတစ်ယောက်ရဲ့ မျက်နှာပေါ်လာပါတယ်။ ''ဘာကိစရှိလို့လဲ'' လို့သံပြတ်နဲ့ မေးလိုက်တဲ့အဖွါးအို ကိုချာတိတ်လေးက ''စိတ်မရှိပါနဲ့အဖွား၊ ကျွန်တော့်ကြောင့်အနှောက်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါ၊ အဖွားကိုသခင်ယေရှုက သိပ်ချစ်ပါတယ်ဆိုတဲ့အကြောင်းလာပြောရင်းနဲ့ ဒီဝေစာလေးလာပေးတာပါ၊ ဖတ်ကြည့်ပါခင်ဗျား'' လို့ ပြောပြီးလှည့်ထွက်လာခဲ့ပါတယ်။

နောက်တစ်ပါတ်တနင်္ဂနွေနေ့မှာ ချာတိတ်လေးရဲ့အဖေ သင်းအုပ်ဆရာကြီးကနံနက်ဝတ်ပြုအစည်းအဝေးမှာ ပရိတ်သတ်ကိုသက်သေခံဖို့အချိန်ပေးပါတယ်။''ဒီတပါတ်အတောအတွင်းမှာ ဘုရားသခင်ကောင်းကြီးခံစားရလို့ သက်သေခံချင်တဲ့သူတွေရှိရင် ပလ္လင်ပေါ်တက်လာဖို့ဖိတ်ခေါ်ပါတယ်'' လို့ကြေငြာလိုက်ပါတယ်။ နောက်ဆုံးအတန်းကအဖွားအို တစ်ယောက်ဟာစင်မြင့်ပေါ်ကိုတုန်တုန်ရီရီနဲ့တက်လာပါတယ်။ ''ရှင်တို့အားလုံးကျွန်မကိုသိမှာ မဟုတ်ဘူး၊ ကျွန်မကဒီနေ့မှဘုရားကျောင်းကို ရောက်လာတဲ့သူပါ။ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့ကမိုးတွေ အရမ်းရွာပြီး သိပ်အေးပါတယ်။ အဲဒီနေ့ကကျွန်မတစ်ယောက်တည်းအိမ်မှာရှိနေပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဘဲ အဲဒီနေ့ဟာ ကျွန်မရဲ့ ခင်ပွန်းသေဆုံးသွားတာ တစ်နှစ်တိတိပြည့်တဲ့နေ့ဖြစ်ပါတယ်။ ခင်ပွန်းသည်ကိုတမ်းတသတိရရင်း အလုပ်အကိုင်၊ သားထောက်နောက်ခံနဲ့ ကျွေးမွေးပြုစုမဲ့သူ မရှိတော့တဲ့အရွယ်လွန် အဖွားကြီးဖြစ်တဲ့ ကျွန်မဘာဝဟာရှေ့ဆက်အသက်ရှင်လဲဘာမှ ထူးလာမှာမဟုတ်ဘူးဆိုတဲ့ အတွေးဆိုးတွေဝင်လာပြီး ကြိုးဆွဲချသေဖို့ စိတ်ရှိုင်းတွေဝင်လာခဲ့မိပါတယ်။ ကြိုးကြီးကြီးတစ်ချောင်းကိုထုတ်တန်းမှာချည်ပြီး ကြိုးဆွဲချသေဖို့ပြင်ဆင်နေတုန်းမှာ ဧည့်သည်တစ်ခါမှ မလာဖူးတဲ့ ကျွန်မရဲ့အိမ်ရှေ့မှာ လူခေါ်ခေါင်းလောင်းတီးသံကိုကြားလိုက်ရပါတယ်။ ဒါနဲ့ကျွန်မလဲ ခဏရပ်ပြီးဧည့်သည်ပြန်လှည့်သွားတဲ့အချိန်အထိအသံမပေးဘဲနေခဲ့ပါတယ်။ သူထွက်သွားမှ ကြိုးဆွဲချသေမယ်လို့ ဆုံးဖြတ်လိုက်မိပါတယ်။ ဒီဧည့်သည်ကလည်းထွက်သွားမလိုလို နဲ့ သုံးကြိမ်တိတိ ပြန်လှည့်လာပြီး အိမ်တံခါးကိုလာခေါက်ပါတယ်။ နောက်ဆုံးတော့ကျွန်မလည်းတံခါးကိုသွားဖွင့်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ ၁၁ နှစ်အရွယ်သားလေးတစ်ယောက်ကိုတွေ့လိုက်ရပါတယ်။ သူကသခင်ယေရှုကျွန်မကိုချစ်တယ်လို့ပြောပြီး ဒီဝေစာစာရွက်လေးကိုပေးသွားပါတယ်။

စိတ်အားငယ်နေတဲ့ကျွန်မလဲ ဝေစာလေးကိုဖတ်ကြည့်ပြီး သခင်ယေရှုကိုယုံကြည်လက်ခံလိုက်ပါတယ်။ ကိုယ့်ကိုယ်ကို ကြိုးဆွဲသေချင်တဲ့စိတ်တွေလဲလုံးဝမရှိတော့ပါဘူး။ ဝေစာနောက်မှာရေးထားတဲ့ ဒီဘုရားကျောင်းရဲ့လိပ်စာအတိုင်း ဒီနေ့ဘုရားကျောင်းကိုကျွန်မရောက်လာခဲ့ပါတယ်။ ကျွန်မခရစ်တော်ကိုယုံကြည်လက်ခံတာ တစ်ပါတ်ဘဲရှိပါသေးတယ်။ ကျွန်မဘာဝမှာဘုရားကျောင်းကိုတက်ဖူးတာ ဒါပထမဦးဆုံးအကြိမ်ပါဘဲ၊ ဝေစာလာပေးတဲ့သားငယ်လေးကို ကျေးဇူးတင်ပါတယ်။'' လို့တုန်တုန်ရီရီနဲ့သက်သေခံသွားပါတယ်။

အဖွားအိုရဲ့သက်သေခံချက်ကိုကြားလိုက်ရတဲ့ သင်းအုပ်ဆရာဇနီးမောင်နှံနဲ့ ဧည့်ပရိတ်သတ်တွေအားလုံးရဲ့မျက်ဝန်းထဲမှာ မျက်ရည်တွေနဲ့စိုစွတ်လို့နေပါတယ်။ ချာတိတ်လေးရဲ့ ဖွဲ မလျှော့တဲ့ ဘုရားသခင်အတွက်ဆက်ကပ်မှုက ဝိညာဉ်တစ်ခုလုံးကိုကယ်တင်နိုင်ခဲ့ပါတယ်။

–မင်းအောင်သက်လွင်–